လောကသစ္စာ
စာပေတိုက်

ငွေဆိုတာ ပါးစပ်ပေါက် မပါပေမယ့်

လူ့ဘဝ ရပ်တည်ရေးအတွက်တော့

တော်တော်စကားပြောတာပါ

ဒါကြောင့် . . .

# ငွေ



ရှိမှဖြစ်မယ်

## လောကသစ္စာ

ဘဝခွန်အားဖြည့် စာစုများ

ငွေရှိမှဖြစ်မယ်

လောကသစ္စာ

*

"သြော် .. ပြောရဦးမယ် ...

ခင်ဗျားတို့ စိတ်ဓာတ်ကျနေတဲ့ အခါပဲဖြစ်ဖြစ်

စိတ်တွေ ညစ်ညူးနေတဲ့အခါပဲဖြစ်ဖြစ်

အစဉ်လိုက်မဟုတ်ပဲ ကြိုက်တဲ့ခေါင်းစဉ်လေး

တစ်ခုခုကို ဖတ်ကြည့်လိုက် ... ထူးခြားလာပါလိမ့်မယ် ...

အဲဒါ . . ခင်ဗျားတို့အတွက် အမြတ်ပါပဲ ..

ကျွန်တော်ပေးတဲ့ စေတနာပါ ...။"

ကျေးဇူးတင်ပါတယ်။

***

အမှာစကားလေးပါ

ရှေ့စာအုပ်မှာ "ပိုက်ဆံရှာပါ" လို့ ကျွန်တော်ရေးခဲ့ပါတယ်။ သိပ်အားမရလို့ ... အခု "ငွေရှိမှဖြစ်မယ်" ဆိုပြီး ထပ်ရေးတာပါ။

ကျွန်တော်တို့ လူ့ဘဝတွေ အတွက်တော့ တကယ်လိုအပ်တဲ့ သက်မဲ့

ပစ္စည်းပါ။

သူက စကားမပြောပေမဲ့ သူ့ရဲ့ ပမာဏကို လိုက်ပြီး လူတွေက စကားပြောကြလွန်းလို့ပါ။

လူတိုင်း ခံစားဖူးကြမှာပါ ...

ဒါကြောင့် ဒီစာအုပ်ကလေးကို စေတနာရှေ့ထားပြီး မျှဝေ လိုက်ပါတယ်။

**ကျေးဇူးတင်ပါတယ် ...**

ချစ်ခြင်းအားဖြင့်

လောကသစ္စာ

09-798315882

***

"

မင်း . . ထိပေါက်ရင် ဘာလုပ်မလဲ လို့

ကျွန်တော့်ကို မေးခဲ့ရင်


ဈေးကြီးကြီး အိမ်ကြီးကြီးတွေ

ဇိမ်ခံကားတွေ

ဝယ်မယ်လို့

ဖြေမှာ မဟုတ်ပါဘူး . .

"



***

# ငွေရှိမှ ဖြစ်မယ်

# (ငွေရှာဖို့ရင်းနှီးမြှုပ်နှံပါ)



ပိုက်ဆံရှိရင် ဘာရင်းနှီးမြှုပ်နှံမလဲ . . ?

ဒီမေးခွန်းလေးရဲ့အောက်မှာ

ကျွန်တော် နည်းနည်းဆွေးနွေး တင်ပြသွားချင်ပါတယ်။ လူတချို့မှာ ပိုက်ဆံတွေ ရှိလာကြပါတယ်။ ထီပေါက်လို့ပဲဖြစ်ဖြစ်၊ အမွေရလို့ပဲဖြစ်ဖြစ်၊ မိမိပိုင်ဆိုင်မှုထဲက တစ်ခုခုကို ရောင်းချလိုက်လို့ပဲဖြစ်ဖြစ်၊ ငွေကြေးတွေ ရရှိလာတဲ့အခါ ဒီငွေကြေးကို တိုးပွားအောင် မပျောက် မပျက်အောင် ရင်းနှီးမြှုပ်နှံမှုတစ်ခုခုကို လုပ်ချင်လာကြပါတယ်။

ဒါဆို ဘာကို ရင်းနှီးမြှုပ်နှံကြမလဲ သူတို့စဉ်းစားကြပါတယ်။ အဲဒီအချိန်မှာပဲ သူတို့လက်ထဲ ပိုက်ဆံရှိမှန်းသိတော့ ဝိုင်းလာကြပါပြီ။ ဟိုဟာလေးလုပ်ပါလား? ဒီဟာလေးလုပ်ပါလား? အိမ်ဝယ်လိုက်၊ ကားဝယ်လိုက်၊ ဟိုဟာ ဒီဟာ ရင်နှီးမြှုပ်နှံလိုက်၊ ပိုရင်ဘဏ်မှာအပ်ထားလိုက် စသဖြင့် ပေးလိုက်ကြတဲ့ အကြံတွေ၊ ဖုံးပေါလအောကို လာကြတာပါ။

တချို့ဆိုဘယ်လိုရင်းလိုက်၊ ဘယ်လိုအကျိုးအမြတ်ရမယ် ဘာညာနဲ့ ငွေ

သိန်းကို သောင်းနဲ့ ချီပြီး ရင်းနှီးမြှုပ်နှံခိုင်းနေတာ လွယ်လိုက်တာ MAR MAR ခေါက်ဆွဲစားရသလိုပဲ။ ရေနွေးပူပူလေး လောင်းထည့်လိုက်တာနဲ့ ချက်ချင်းကို စားလို့ရအောင် ပြောတာ။

ဒီလိုတွေ ပြောလာခဲ့ရင်တော့ ကျွန်တော်တို့တစ်တွေ စဉ်းစားရပါမယ်။

သူပြောတဲ့စကားကို ကျွန်တော်တို့ ယုံသင့်သလား ...? သူကရော ဘယ်လို လူမျိုးလဲ . . . ?

ကျွန်တော်တို့ ရင်းနှီးမြှုပ်နှံမှုရဲ့နောက်ကွယ်က ရည်မှန်းချက်ကို သူကသိရဲ့ လား . . . ?

ရင်းနှီးမြှုပ်နှံမှုပေါ်မှာ အကျိုးကျေးဇူးက ဘယ်လောက်လိုချင်လဲ ဆိုတာ ကိုရော သိပြီးပြီလား ... ?။

နောက်ဆုံးကိုယ်က ယုံကြည်လို့ ရင်းနှီးမြှုပ်နှံလိုက်လို့ အရှုံးတွေပေါ်ခဲ့ရင် ဘယ်သူက တာဝန်ယူမှာလဲ. . ?။

ပိုက်ဆံလေးပိုက်ပြီး ဒီမေးခွန်းတွေအတွက် ကျွန်တော်တို့ အိပ်မပျော်ဖြစ် တော့မှာပါပဲ။

ကဲ အ... ထားလိုက်ပါတော့ ကျွန်တော်တွေးတဲ့ ကျွန်တော့်အသိလေးကို တင်ပြချင်ပါတယ်။

ကိုယ်ဘာကို ရင်းနှီးသင့်သလဲဆိုတာ ကိုယ့်ထက် ဘယ်သူကမှ ပိုကောင်း အောင် မပြောနိုင်ပါဘူး။

ဒါကြောင့် အကယ်၍ ခင်ဗျားလက်ထဲမှာ ပိုက်ဆံတွေရှိပြီး အဲဒီပိုက်ဆံ တွေကို ပွားများအောင် ရင်းနှီးမြှုပ်နှံနေချင်တယ်ဆိုရင် ခင်ဗျားအရင်ဆုံး လုပ်ရမှာက "ကိုယ့်ကိုယ်ကိုယ် ရင်းနှီးမြှုပ်နှံမှု" ပါပဲ။

ပထမဦးဆုံး ကိုယ့်ရဲ့ဦးနှောက်ထဲကို ဗဟုသုတတွေ အရင်ဖြည့်ရမှာပါ။

နောက်-

ခင်ဗျား ဘာရင်းနှီးရတာ စိတ်ဝင်စားသလဲ. . . ?

ကိုယ်စိတ်ဝင်စားတဲ့ ရင်းနှီးမြှုပ်နှံမှုနဲ့ သက်ဆိုင်တဲ့ စာအုပ်တွေကို ဝယ်ဖတ်ပါ။ အွန်လိုင်းပေါ်မှာ တက်ရှာကြည့်ပါ။ ဒါမှမဟုတ် ကိုယ်ရင်းနှီးချင်တဲ့ ကိစ္စတွေနဲ့ ရင်းနှီးမှု လုပ်နေတဲ့သူတွေနဲ့ စကားပြောပါ၊ ဆွေးနွေးပါ၊ တိုင်ပင်ပါ၊ ဒါမှ ကိုယ်လုပ်မဲ့ ရင်းနှီးမှုအပေါ်မှာ ပိုပြီးနားလည်လာမှာပါ။

တစ်ခုသိထားရမှာက ...

ငွေဆိုတဲ့အရာဟာ ငွေရေးကြေးရေးပိုင်းမှာ မပါးနပ်သူတွေဆီမှာ သိပ်မနေချင်ကြပါဘူး။ ဒါကြောင့် ကိုယ့်မှာ ငွေထောင်ပေါင်းများစွာ ရှိနေတယ်ဆိုရင်တောင် ငွေရေးကြေးရေးပိုင်းဆိုင်ရာ သဘောထားကို သိမထားရင် တစ်ရက်တည်းနဲ့လည်း ပြောင်းလဲသွားနိုင်ပါတယ်။

ဒါကြောင့် တစ်ခုခု ရင်းနှီးတော့မယ်ဆိုရင် ဘယ်သူ့ကိုမှ သွားမမေးပါနဲ့. . . ကိုယ့်ကိုယ်ကိုယ် ပြန်မေးပါ။ "ကိုယ်ဘယ်အရာကို စိတ်ဝင်စားတာလဲ ?"

ကိုယ်စိတ်ဝင်စားတဲ့ ရင်းနှီးမြှုပ်နှံမှုကို အချိန်ပေးပြီး အရင်နားလည်အောင် လေ့လာပါ။ ကိုယ့်မှာရှိတဲ့ ငွေကို အရင်သိမ်းထားပါ။ စိတ်သိပ်မလောပါနဲ့။ ပြီးတော့ ကိုယ်မသိနားမလည်တဲ့ အရာတွေပေါ်မှာ ဘယ်တော့မှ... ဘယ်တော့မှ . . . အရင်းအနှီး မထည့်လိုက်ပါနဲ့...။

အဓိက ကတော့. . . ခင်ဗျား "ငွေရေးကြေးရေးပိုင်မှာ အသိပညာ" ရှိဖို့လိုပါတယ်။ အဲဒီ အသိပညာရှိနေခဲ့ရင် ဒီနေ့ ခင်ဗျား ပိုက်ဆံမရှိရင်တောင်မှ ခင်ဗျား ရင်းနှီးမြှုပ်နှံလို့ရပါတယ်။

လွယ်လွယ်လေးကတော့ ကိုယ့်ကိုယ်ကိုယ် အရင်မေးလိုက်ပါ။

*ဘာကို ဝါသနာပါတာလဲ. . . ?

*ဘာကို ရင်းနှီးမြှုပ်နှံချင်တာလဲ. . ? အဖြေရပြီဆိုတာနဲ့ တကယ်နားလည် တတ်ကျွမ်းအောင် လေ့လာရုံပါပဲ။

*ခင်ဗျား ရင်းနှီးတဲ့အရာပေါ်မှာ ပိုပြီးနားလည်လေလေ ခင်ဗျား ပိုပြီးတော့ အဲဒီအရာဆီက ရမယ့် အကျိုးကျေးဇူးက များလေလေပါပဲ။

*အကြောင်းအရာတစ်ခုကို (အလုပ်အကိုင်၊ ရင်းနှီးမြှုပ်နှံမှု၊ စီးပွားရေး၊ အကြံဉာဏ်) လွယ်လွယ်နဲ့ မတွေးလိုက်ပါနဲ့။ ဘာဖြစ်လို့လဲ ဆိုတော့ အဲဒီ အရာဟာ ဘယ်သူ့ကိုမှ ချမ်းသာလာအောင် လုပ်မပေးနိုင်ခဲ့ပါဘူး။

ဒါဆိုရင်တော့ ကျွန်တော် တင်ပြသွားတဲ့ အကြောင်းအရာလေးက ငွေကြေး နည်းနည်းပဲ ဖြစ်ဖြစ်၊ များများပဲဖြစ်ဖြစ် ရင်းနှီးမြှုပ်နှံမှုအပေါ် အတော်လေး အကျိုးသက်ရောက်မယ် ထင်ပါတယ်။

**ငွေရှိမှဖြစ်မယ်နော်**

**ငွေကိုတော့ ကြိုးစားရှာပေါ့ ...**

***